## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၁၂ / ၂၀၁၈)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၁၃/၂၀၁၈ ) အား ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး အမှတ်စဉ် (၁၃ /၂၀၁၈) အပါအဝင် ရက်သတ္တပတ်အတွင်း **နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၂)ခု၊ အတည်ပြုလုပ်ငန်း (၂)ခုနှင့် စုစုပေါင်းလုပ်ငန်း (၄)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပြုလုပ်ငန်း (၂)ခုနှင့် အတည်ပြုလုပ်ငန်း(၁)ခု မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း(၁)ခု ခွင့်ပြုခဲ့သဖြင့် ယခုအစည်း အဝေး ကာလအတွင်း စုစုပေါင်း လုပ်ငန်း (၄)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၁၉၂.၄၄၁) သန်းကို ခွင့်ပြု/ အတည်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သား များအတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း (၂,၉၈၅) ဦးကို ဖန်တီးပေးမည်ဖြစ်ပါ သည်။ ခွင့်ပြု/ အတည်ပြုလုပ်ငန်း(၄)ခုမှာ စက်မှုကဏ္ဍမှ (၂)ခု၊ အိမ်ယာအဆောက်အဦကဏ္ဍ (၁)ခု နှင့် အခြားကဏ္ဍမှ (၁)ခု ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ဩဂုတ်လ အထိ **နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု** ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၆၅)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ (၇၇၀.၅၅၆)သန်း ဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း** အပါအဝင် ရင်းနှီး မြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁၃၀၉.၂၇၂) သန်းဖြစ်ပါသည်။

**အထူး စီးပွားရေးဇုန် ဥပဒေအရ** ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ဩဂုတ်လ အထိ စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၁၇၁.၁၀၀) သန်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လအတွင်း ဩဂုတ်လ အထိ **စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပမာဏ** အမေရိကန်ဒေါ်လာ (၁,၄၈၀. ၃၇၂) သန်း ဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm

အစည်းအဝေး အမှတ်စဉ် (၁၃/၂၀၁၈) အပါအဝင် ရက်သတ္တပတ်အတွင်း **မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၁)ခုနှင့် အတည်ပြုလုပ်ငန်း (၃)ခု စုစုပေါင်းလုပ်ငန်း (၄)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပြုလုပ်ငန်း(၁)ခုနှင့် အတည်ပြုလုပ်ငန်း(၁)ခုမှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း(၁)ခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း(၁)ခု ရှိသဖြင့် ယခု အစည်းအဝေး ကာလအတွင်း စုစုပေါင်းလုပ်ငန်း (၄)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၆.၆၉၀)သန်း အပါအဝင် ကျပ် (၂၂,၇၁၂.၈၇၂) သန်း ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့် အလမ်းပေါင်း (၃၅၀)ခု ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြု လုပ်ငန်း(၄)ခုမှာ စက်မှုကဏ္ဍ (၂)ခု၊ အိမ်ယာအဆောက်အဦကဏ္ဍ (၁)နှင့် အခြားကဏ္ဍ(၁)ခု ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လ အတွင်း ဩဂုတ်လ အထိ **မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှု** ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၇၃)ခု၊ အမေရိကန်ဒေါ်လာ (၁၇၆.၅၇၀) သန်း အပါအဝင် ကျပ် (၈၆၃,၄၃၁.၅၄၉) သန်း ဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း** အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၇၇.၇၁၈) သန်း အပါအဝင် ကျပ် (၈၉၃,၄၇၂.၅၄၉) သန်းခွင့်ပြုပြီးဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm